# Microsoft ၏ Open Technologies များ အကြောင်းသိကောင်းစရာ

ယနေ့လက်ရှိ လူသုံးအများဆုံးဖြစ်သော End User Operation System ဟုဆိုလျှင် Microsoft ကိုသာ လူအများက သိကြသည်။ သို့သော် Microsoft ၏ Closed Source Operating System ဖြစ်သော Window ကို စိတ်ဝင်စားမှု များပြားသော်လည်း Microsoft Open Technologies နှင့်ပတ်သက်၍ စိတ်ဝင်စားမှု အားနည်းလျက်ရှိသည်။




Microsoft Open Technologies Inc ဆိုသည်မှာ Microsoft Corporation ၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး Open Standards နှင့် Open Sources များကို ပေါင်းစပ်ဖွဲ့စည်းထားသော Openness တွင်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။

အဆိုပါ အဖွဲ့အစည်းများသည် Microsoft နှင့် Non-Microsoft နည်းပညာများကို ပေါင်းစပ်၍ ပိုမိုရှုပ်ထွေးသော ပတ်ဝန်းကျင်များတွင် Customer များကို ရွေးချယ်စရာ အခွင့်အလမ်းများစွာ ရရှိစေပြီး Open Source Code များကို တည်ဆောက်၍ Open Standard များကို ပေါင်းစပ်လိုက်ခြင်း ဖြစ်ပါသည်။




Microsoft Open Technologies သည် Standard Organization အဖွဲ့များဖြစ်သော W3c, IETF, OASIS, Ecma, DMTF တို့နှင့် ပူးပေါင်း လုပ်ဆောင်လျှက်ရှိပြီး Open Source Communities အဖွဲ့အစည်းများဖြစ်သော Apache, တို့နှင့် ပူးပေါင်းလျှက် Open Source Projects ၅၁ ခု၊ CodePlex GitHub တို့ပေါ်တွင် ၂၅ ခု တို့ကို ပူးပေါင်းလုပ်ဆောင်လျှက်ရှိသည်။






ထို့အပြင် Window Azure Cloud Service ပေါ်တွင် .Net တစ်ခုထဲသာ မဟုတ်တော့ပဲ Developer များအတွက် ရွေးချယ်စရာ Open Source Programming Languages များ ဥပမာ- Node.js, PHP, Python နှင့် Java တို့ပါဝင်လာပါသည်။



ထို့အပြင် multiple frameworks နှင့် လူသုံးများသော open source application များ ပါ Windows Azure Web Site ပေါ်တွင်အသုံးပြုနိုင်ပါသည်။

Copyright © 2016, Myanmar Computer Emergency Response Team.

Pdf Prepared By: Heavenly Moe